# စာသိုက်

စာကလေး စာကလေး
ကျလိ ကျလိ အော်တဲ့ စာကလေး။

စာကလေးက ယဉ်သဗျာ
မြို့နေ ငှက်မျိုးပါ။

ဒါကြောင့်မို့လည်း လူမကြောက်
အိမ်ထဲလာလို့ အသိုက်ဆောက်။

အသိုက်ဆောက်တာ မဆန်းပါ
အိမ်ခေါင်မိုးကြားမှာ။

တစ်ခါတစ်ခါ စာအိမ်လည်း
လူတွေ လုပ်ပေးကြတာပဲ။

ဒါပေမယ့်လည်း အခုတစ်ခါ
အတော်တော့ ဆန်းတာ။

သူအသိုက်ဆောက်တာ ဘယ်မှာလဲ
ကျွန်တော့် ဦးထုပ်ထဲ။

